နောက်ဆက်တွဲ (၃)

# သစ်တောများအုပ်ချုပ်လုပ်ကိုင်မှု (သဘာဝတောနှင့်စိုက်ခင်း) အတွက် ထောက်ခံချက်ပေးနိုင်ရန် စံနှင့်အညွှန်းများ (မူကြမ်း)အပေါ် လူထုသဘောထားမှတ်ချက်နှင့် အကြံဉာဏ်တောင်းခံရာတွင် ဆက်စပ်ပတ်သက်ပါဝင်သူများမှ ပြန်လည်ပေးပို့သော သဘောထားမှတ်ချက်/အကြံပြုချက်များအား နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ခွဲ၊ နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံသစ်တောထောက်ခံချက်ပြုရေးကော်မတီ အစည်းအဝေးများတွင် အဆင့်ဆင့် အတည်ပြုဆုံးဖြတ်ထားသည်များကိုတင်ပြခြင်း

| | |
|---|---|
| အမည် - | ဦးအောင်မြင် |
| အဖွဲ့အစည်းအမည် - | Double Helix Tracking Technologies |
| အလုပ်အကိုင်/ရာထူး - | Lead Auditor |
| ပေးပို့ရက်စွဲ - | ၂၇.၆.၂၀၁၉ |

သစ်တောအုပ်ချုပ်လုပ်ကိုင်မှုအတွက်ထောက်ခံချက်ပေးနိုင်ရန် မြန်မာ့စံနှင့်အညွှန်းများ (သစ်တောစိုက်ခင်း)

| စဉ် | ဥပဒေသ၊ စံ၊ အညွှန်းများနှင့် အထောက်အထားများ | သဘောထား မှတ်ချက် | အကြံပြုချက် | သဘောထားမှတ်ချက်များ၊ အကြံပြုချက်များနှင့် ပတ်သက်၍ အတည်ပြုဆုံးဖြတ်ချက်များ |
|---|---|---|---|---|
| ၁။ | စာမျက်နှာ (၂၀) ဥပဒေသ (၃)၊ စံ (၃.၂) | ခြိမ်းခြောက်မှု လျော့ပါးမှု မရှိစေရ။ | အဓိပ္ပာယ်တိကျစေရန် အတွက် ခြိမ်းခြောက်မှု (သို့) လျော့ပါးမှုမရှိစေရ - ဟု ပြင်ဆင်သင့်ပါသည်။ အညွှန်းတွင် ရေးသားမှု မှန်ကန်ပါသည်။ | Myanmar Criteria and Indicators for Forest Management Certification (2020) အား မြန်မာဘာသာသို့ ပြန်ဆိုရာတွင် "ခြိမ်းခြောက်မှု လျော့ပါးမှု မရှိစေရ" ဟူ သောစကားရပ်အစား "ခြိမ်းခြောက်မှု(သို့) လျော့ပါးမှုမရှိစေရ"ဟု ပြောင်းလဲသုံးစွဲသွားမည် ဖြစ်ပါသည်။ |

| | | | | |
|---|---|---|---|---|
| ၂။ | စာမျက်နှာ(၃၀) ဥပဒေသ (၅)၊ စံ (၅.၂)၊ အညွှန်း (၅.၂.၁) | LEB ကိစ္စကို သဘာဝသစ်တော များတွင် ထိန်းချုပ် သကဲ့သို့ စိုက်ခင်း များမှထွက်ရှိ သောသစ်လုံးများ ကို ထိန်းချုပ်မည် လော။ | စိုက်ခင်းများမှ ထွက်ရှိ မည့်သစ်များကိုသစ်လုံး အလိုက် ပို့ခွင့်ပြုရသည့် အခြေအနေမုချဖြစ်ပေါ် လာပါမည်။ သတိထား၍ (စံ) (အညွှန်း)များ ရေးဆွဲ သင့် ပါသည်။ ထိုင်း၊ ဗီယက်နမ် နှင့် မလေးရှား စသောနိုင်ငံများ၏လုပ် ထုံးများကို လေ့လာသင့် ပါသည်။ | LEB သည် သဘာဝတော နှင့်သက်ဆိုင်ပါကြောင်းကို Standards များတွင်သေချာ စွာရှင်းလင်းဖော်ပြသွား မည်ဖြစ်ပါသည်။ |
| ၃။ | စာမျက်နှာ (၃၁၊ ၃၂၊ ၃၅၊ ၄၁အစ ရှိသည် )နေရာ တော်တော် များများ | ပတ်ဝန်းကျင်ထိ ခိုက်ပျက်စီးမှု သက်သာစေသော သစ်ထုတ်ခြင်း နည်းစနစ် လမ်းညွှန်ချက်များ (၂၀၀၈) | စာအုပ်မူကြမ်းကို ဦးအောင်မြင်(ယခုစာရေး သူ)မှ စစ်ဆေးတည်းဖြတ် ခဲ့ဘူးပါသည်။ ကောင်းမွန် သောစာအုပ်ဖြစ်သော် လည်း Reference အဖြစ် ကိုးကားနိုင်စေရန် မလုံ လောက်သေးပါ။ မွမ်းမံ တိုးချဲ့ရန် လိုအပ်ပါသည်။ | ပတ်ဝန်းကျင်ထိခိုက်ပျက် စီးမှု သက်သာစေသော သစ်ထုတ်ခြင်း နည်းစနစ် လမ်းညွှန်ချက်များ (၂၀၀၈) သည် သစ်ထုတ်နေစဉ် အတွင်းလိုက်နာရမည့် အထောက်အထားဖြစ်သ ဖြင့်သစ်တောစိုက်ခင်းတွင် ထည့်သွင်းခြင်းမပြုတော့ ပါ။ |
| ၄။ | စာမျက်နှာ (၃၈) ဥပဒေသ (၆) စံ (၆.၃) အညွှန်း (၆.၃.၁) | ၄တ်တက်ချွန်ခြင်း | (က) သစ်တောစိုက်ခင်း အတွင်း လိုအပ်ပါက (၄တ်ဟောင်းများကို ဖယ်ရှား၍ အသစ်စိုက်ပျိုး မှု ပြုလုပ်ရန်နည်းစနစ် များကို အသုံးမပြုလျှင်) ဟု ထည့်သွင်းရန် လို/ မလို။ | သစ်ထုတ်ခြင်းနှင့်အတူ၄တ် တက်ချွန်ခြင်း(သစ်ထုတ် ရေးအမှုထမ်းများ အမြဲ လိုက်နာရန်အမိန့် လက်စွဲ အပိုင်း (၁) အခန်း (၅) အ ပိုဒ်(၄၉))ကို ပယ်ဖျက် သွားမည်ဖြစ်ပါသည်။ |

| | | | | |
|---|---|---|---|---|
| | | | (ခ) ကွက်လပ်ဖြည့်စိုက်ခင်းဆိုင်ရာ လမ်းညွှန်ချက်များကို တိုးချဲ့မွမ်းမံသင့်ပါသည်။ ပြန်လည်၍ စစ်ဆေးသော နည်းစနစ်များကို တိကျစွာဖော်ပြသင့်ပါသည်။ | |
| ၅။ | စာမျက်နှာ (၄၄၊ ၄၅)၊ ဥပဒေသ (၆)၊စံ (၆.၉) | ပြည်ပမှမျိုးစိတ်များ ဝင်ရောက်မှုကို ထိန်းချုပ်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်းမှတ်တမ်း | ပြည်ပမှ မျိုးစိတ်များဝင်ရောက်မှုကို အလေးထား၍ ထိန်းချုပ်သင့်ပါသည်။ (ဥပမာနိုင်ငံခြားမျိုး ဘောစကိုင်းနှင့်ဒေသခံအဝေရာမျိုးတို့ရောနှောသွားခြင်း)ယခုအခါ(၁) တရုတ်တစ် ရှူးမျိုးပွားယူကလစ်များ (၂) အစ္စရေးနည်းပညာနှင့်ထုတ်လုပ်သော အကြီးမြန် ACACIA (၃) အော်ရေးရှားနှင့်မန်ဂျီရှားစသည်တို့ကို ထည့်သွင်းစဉ်းစားရပါမည်။ | ဥပဒေသ (၆)၊ စံ (၆.၉)၊ အညွှန်း(၆.၉.၁)၏ အထောက် အထားများတွင် ပြည်ပမှမျိုးစိတ်များ ဝင်ရောက်မှုကို ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းမှတ်တမ်း၊ပြည်ပမျိုးများတင်သွင်းခြင်းမှတ်တမ်း၊ စိုက်ခင်းတည်ထောင်ရာတွင် အသုံးပြုသော ဒေသမျိုးရင်းများ စာရင်းနှင့်မှတ်တမ်းများ၊အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကိုထည့်သွင်းထားပြီးဖြစ်သောကြောင့် ထပ်မံဖြည့်စွက်ရန်မရှိပါ။ |
| ၆။ | ………………. | စိုက်ခင်းတောနှင့် စိုက်ခင်း မြေဧရိယာများကို လွှဲပြောင်းရောင်းချခြင်း | မြေနေရာဦးသော စနစ်ကို တိကျစွာ ကာကွယ်တိုက်ဖျက်ရပါမည်။ တားမြစ်ရပါမည်။ သစ်တောစိုက်ခင်းများကို လွှဲပြောင်းရောင်းချခြင်း ပြုလုပ်ရာတွင် လက်ဝယ်ရှိအချိန်ကာလ (ဥပမာ - ၈ နှစ်?) | စိုက်ခင်းတည်ထောင်ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ စာချုပ်တွင် အငှားချထားခြင်းခံရသူ၏ လိုက်နာရမည့်စည်းကမ်းချက်များနှင့် အခွင့်အရေးများတွင် “လုပ်ကိုင်ခွင့် ပြုထားသည့် မြေအားလုံးကိုလည်း |

| | | | | |
|---|---|---|---|---|
| | | | ကျော်လွန်လျှင် ရောင်းချ လွှဲ ပြောင်းနိုင်သောစနစ် မျိုးမရှိသင့်ပါ၊ စိုက်ခင်း စာချုပ်စည်းကမ်းနှင့် ကိုက်ညီစွာ စိုက်ပျိုး ပေါက်ရောက်သော စိုက် ပင်များ၏ (BIO MASS) မည်မျှရှိမှ ရောင်းချ လွှဲ ပြောင်းခွင့်ရှိသည့် စနစ် သို့ပြောင်းလဲသင့်ပါသည်။ (BIO MASS)မည်မျှရှိမှ ရောင်းချလွှဲပြောင်း ခွင့် ရှိသည့်စနစ်သို့ ပြောင်းလဲ သင့်ပါသည်။(BIO MASS ) တိုင်းတာတွက်ချက်နည်း သင်တန်းများကိုလည်း ဌာန၊ CSO နှင့် ပုဂ္ဂလိက များသို့ သင်တန်းပို့ချ သင်ကြားသင့်ပါသည်။ | ကောင်း၊တစ်စိတ်တစ် ဒေသကိုသော်လည်း ကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် မရရှိဘဲပေါင်နှံ ခြင်း၊ ရောင်းချခြင်း သို့မ ဟုတ်အခြားတစ်နည်းနည်း ဖြင့်လွှဲပြောင်းခြင်းမပြုရ။” ဟူ ၍ပါရှိပြီးဖြစ်သော ကြောင့် ထပ်မံဖြည့်စွက်ရန် မရှိပါ။ "(BIO MASS) မည်မျှ ရှိမှ ရောင်းချလွှဲပြောင်းခွင့် ရှိသည့်စနစ်သို့ ပြောင်းလဲ သင့်ပါသည်။ (BIO MASS ) တိုင်းတာတွက်ချက်နည်း သင်တန်းများကိုလည်းဌာန ၊ CSO နှင့် ပုဂ္ဂလိကများသို့ သင်တန်းပို့ချသင်ကြားသင့် ပါသည်။" ဟူသောအကြံပြု ချက်သည် သစ်တောဦးစီး ဌာနနှင့်သာ သက်ဆိုင်ပါ သောကြောင့် ဖြည့်စွက်ရန် မရှိပါ။ |